# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
# စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အမိန့်ကြော်ငြာစာ အမှတ် ( ၅၉/၂၀၁၈)

ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်)

## အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက်သတ်မှတ်ချက်များ

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာ များကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့် ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၅ (က) နှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အနည်းဆုံး အစုရှယ်ယာ မတည်ငွေရင်းပမာဏ ကျပ် ၅၀၀,၀၀၀,၀၀၀ ကို ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှ ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော အစုရှယ်ယာတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်း မပြုရ။ ထို့အပြင် ထိုငွေပမာဏ၏ အနည်းဆုံး ၅% ကို ကုမ္ပဏီသို့ ငွေသားဖြင့် ပေးချေရမည် သို့မဟုတ် ကုမ္ပဏီက ငွေသားဖြင့် လက်ခံထားရမည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၅ (စ) နှင့်အညီ အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးတစ်စုံတစ်ရာကို ပြန်လည်ပေးအပ်ရန် လိုအပ်ပါက ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၉၀ အတွင်း ပြန်လည် ပေးချေခြင်းမရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာ များသည် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အများဆုံးဘဏ်ချေးငွေနှုန်းဖြင့် အဆိုပါငွေပမာဏကို ပြန်လည် ပေးချေရန် တာဝန်ရှိသည်။

၃။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၁ (က) နှင့် အညီ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ကိုယ်စား သို့မဟုတ် ကုမ္ပဏီအားဖြင့် ပေးပို့တင်ပြသော ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်တစ်စောင်ကို နောက်ဆက်တွဲဇယား (၁) အပိုင်း (၁) တွင် သတ်မှတ်ဖော်ပြထားသောပုံစံ ဖြင့်တင်ပြရမည်ဖြစ်ပြီး နောက်ဆက်တွဲ ဇယား (၁) အပိုင်း (၂) တွင် သတ်မှတ် ထားသော အစီရင်ခံစာများကို ပူးတွဲတင်ပြရမည်။

၄။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီကဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စားလှယ်က ဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအားလုံးကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မနှင့် အညီ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ရန် တင်ပြခြင်းမပြုမီ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သို့ ပေးပို့ တင်ပြရမည်။ ယင်းသို့ ပေးပို့တင်ပြထားပြီးဖြစ်ကြောင်း သက်သေခံအထောက်အထား ကို ကုမ္ပဏီ၏အလားအလာညွှန်းတမ်းနှင့်အတူ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ရန် တင်ပြရမည်။

၅။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၈၆၊ ၉၆ နှင့် ၉၇ တို့အရ အများနှင့် သက်ဆိုင်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီ တွင် အစုရှယ်ယာအရေအတွက် အများဆုံး ပိုင်ဆိုင်ထားသည့် ပါဝင်သူ ဦးရေ ၅၀ (သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူဦးရေ ၅၀ အောက် လျော့နည်းပါက ထိုသို့ပါဝင်သူများ) ၏ပြောင်းလဲမှုများကိုသာ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံ ပေးပို့တင်ပြရမည်။

၆။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ မှတ်ပုံတင်အရာရှိထံအစီရင်ခံခြင်းနှင့် စာရွက်စာတမ်းများပေးပို့ တင်ပြခြင်းအား အခြား နည်းညွှန်ကြားထားခြင်းမရှိလျှင် အီလက်ထရောနစ် မှတ်ပုံတင်စနစ်ပေါ်တွင် အီလက် ထရောနစ် နည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်။

၇။ ဤအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် "အီလက်ထရောနစ် မှတ်ပုံတင်စနစ်" ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၁ အရ မှတ်ပုံတင်အရာရှိက တည်ထောင်ထားသော အီလက်ထရောနစ်နည်းပညာဖြင့် မှတ်ပုံတင်စနစ်ကို ဆိုလိုသည်။

၈။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက် စေရမည်။

အောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရက - ၁၀/၁ /၂၀၁၈ ( ၀၉၃၀၀ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ဇူလိုင်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်
ဤဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး
ရုံးလက်ခံ / မျှောစာတွဲ

**နောက်ဆက်တွဲ ဇယား(၁)**

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

**အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ ၂၁၁ နှင့် အညီ ………………………………… …………လီမိတက်တို့က တင်သွင်းသော အလားအလာညွှန်းတမ်းအစား တင်သွင်းသော ရေးသား ဖော်ပြချက်။

**အပိုင်း (၁)**

| | |
|---|---|
| ကုမ္ပဏီ၏ သာမန် အစုရှယ်ယာမတည်ငွေရင်း | ကျပ်/ဒေါ်လာ……………………… |
| အစုရေ ………..ပြုလုပ်ခွဲဝေ ချထားသည်။ | အစုရှယ်ယာများ တစ်စုလျှင် ကျပ်/ ဒေါ်လာ ……….။ |
| | အစုရှယ်ယာများ တစ်စုလျှင် ကျပ်/ ဒေါ်လာ ……….။ |
| | အစုရှယ်ယာများ တစ်စုလျှင် ကျပ်/ ဒေါ်လာ ……….။ |
| အထက်ပါ မတည်ငွေရင်းအနက် ရွေးနှုတ်နိုင် သော အထူး အစုရှယ်ယာများ ပါဝင်သည့် (ရှိလျှင်) ငွေ ပမာဏ။ | |
| ဤအစုရှယ်ယာများကို မည်သည့် နေ့ရက်တွင် သို့မဟုတ် မည်သည့်နေ့ရက် မတိုင်မီ ရွေးနှုတ် ရမည် သို့မဟုတ် ရွေးနှုတ်ရန် ထိုက်သင့်မည် ဖြစ်ကြောင်း။ | |
| ဒါရိုက်တာများ သို့မဟုတ် အလုပ်အမှုဆောင် ဒါရိုက်တာ များ၏ အမည်၊ အကြောင်းအရာနှင့် လိပ်စာများ၊ ထို့ပြင် ဒါရိုက်တာများကို ခန့်ထားခြင်းနှင့် ယင်းတို့ အားပေး ရမည့် အခကြေးငွေနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းများတွင် ဖြစ်စေ၊ ပဋိညာဉ် တစ်စုံတစ်ရာတွင် ဖြစ်စေ ပါရှိသည့် သတ်မှတ်ချက် တစ်ခုခု။ | |
| ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို အစု ရှယ်ယာ အမျိုးအစား အမျိုးအမျိုးခွဲခြား ထားသည် ဖြစ်လျှင် အစု ရှယ်ယာ အမျိုးအစားအသီးသီး၏ ကုမ္ပဏီ အစည်းအဝေး များတွင် ဆန္ဒမဲပေးခွင့်၊ ထို့ပြင် ယင်းအစုရှယ်ယာ အမျိုး အစား အသီးသီးအရ ခံစားခွင့်ရှိသည့် မတည်ငွေရင်းနှင့် အစုရှယ်ယာ အပေါ် အမြတ်အစွန်းများနှင့် စပ်လျဉ်းသော ဆိုင်ရာဆိုင်ခွင့် အသီးသီး ။ | |

**နောက်ဆက်တွဲ ဇယား(၁)**

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

**အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်**

| | |
|---|---|
| ငွေသားမှတစ်ပါး အခြားနည်း အပြေအကြေ ပေး သွင်းပြီး သို့မဟုတ် အချို့အဝက်ပေးသွင်းပြီး ဖြစ်သော ထုတ်ပေးပြီးသို့မဟုတ်ထုတ်ပေးရန် သဘောတူပြီး အစုရှယ်ယာများနှင့် ဒီဘင်ချာခေါ် ငွေချေးအစုလက်မှတ်များ အရေအတွက်နှင့် ငွေပမာဏ။ | ၁။ အပြေအကြေ ပေးသွင်းပြီးသည့် အစုရှယ်ယာများ တစ်စုလျှင် ကျပ်/ဒေါ်လာ.........။<br>၂။ အစုရှယ်ယာများအတွက် တစ်စုလျှင် ကျပ်/ဒေါ်လာ...ပေးသွင်းပြီးကြောင်း။<br>၃။ ဒီဘင်ချာခေါ် ငွေချေး အစုလက်မှတ် များ အတွက် ကျပ်/ဒေါ်လာ.... .။ |
| ထိုအစုရှယ်ယာများနှင့် ဒီဘင်ချာခေါ် ငွေချေးအစုလက်မှတ်များ ထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများနှင့် ဒီဘင်ချာ ခေါ် ငွေချေးအစု လက်မှတ်များအတွက်တန်ဘိုး သတ်မှတ်ခြင်း | ၄။ အဖိုးစားနား။ |
| အော့ပ်ရှင်းတစ်ရပ် ပေးရန် အခွင့်အာဏာရရှိသူက ထည့်ဝင်ရန်အတွက် သို့မဟုတ် ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် (အစုရှယ်ယာနှင့် ဒီဘင်ချာခေါ် ငွေချေးအစုလက်မှတ်များကို) ခွဲဝေ သတ်မှတ်ထားပြီးဖြစ်သော သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီထားသော လူတစ်ဦးထံမှ ရရှိရန် ဖြစ်သော အစုရှယ်ယာနှင့် ဒီဘင်ချာခေါ် ငွေချေးအစု လက်မှတ်တစ်ခုခု၏ အရေအတွက်၊ ရှင်းလင်းဖော်ပြ ချက်နှင့် ငွေပမာဏ | ၁။................အစုရှယ်ယာများအတွက် ကျပ်/ဒေါ်လာ ................<br>၂။ ................ဒီဘင်ချာခေါ်ငွေချေး အစုလက်မှတ် များ အတွက် ကျပ်/ဒေါ်လာ........ .။ |
| အော့ပ်ရှင်ပြုလုပ်နိုင်သောအချိန်ကာလ | ၂။ .........................အထိ |
| ပိုင်ဆိုင်သော သို့မဟုတ် အော့ပ်ရှင်အရ ရရှိသော အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ခေါ် ငွေချေးအစုလက်မှတ်များအတွက် ပေးချေရန် တန်ဘိုး | ၃။ ကျပ်/ဒေါ်လာ.......... |
| အော့ပ်ရှင် သို့မဟုတ် အော့ပ်ရှင်ပြုရန် အခွင့်အရေးအတွက် တန်ဘိုးသတ်မှတ်ခြင်း | ၄။ ငွေ ပမာဏ တန်ဖိုးသတ်မှတ်ချက်။ |
| အော့ပ်ရှင် သို့မဟုတ် အော့ပ်ရှင်ပြုရန် အခွင့်အရေး ရရှိသူများ သို့မဟုတ် လက်ရှိ အစုရှယ်ယာရှင်များ သို့မဟုတ် ဒီဘင်ချာခေါ်ငွေချေးအစုလက်မှတ်ရှိသူများက အော့ပ်ရှင် သို့မဟုတ် အော့ပ်ရှင်ပြုရန် အခွင့်အရေးကို ရရှိခဲ့လျှင် (သက်ဆိုင်သော အစုရှယ်ယာ ပိုင်ရှင်များ သို့မဟုတ် သက်ဆိုင်သော ဒီဘင်ချာများ ခေါ် ငွေချေးအစု လက်မှတ်များရှိသူများက အော့ပ်ရှင် သို့မဟုတ် အော့ပ်ရှင်ပြုရန် အခွင့်အရေးကို ရရှိခဲ့လျှင်) | ၅။ အမည်များနှင့် လိပ်စာများ |

**နောက်ဆက်တွဲ ဇယား(၁)**

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

**အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်**

| | |
|---|---|
| ကုမ္ပဏီက ဝယ်ယူသည့် သို့မဟုတ် ဝယ်ယူမည်ရန် ထားသည့် ပစ္စည်းကို ရောင်းချသူတို့ အမည်များ နှင့် လိပ်စာများ။ ကုမ္ပဏီက ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် စီးပွားရေး လုပ်ငန်း၏ သာမန်ကိစ္စရပ်အတွက် ချုပ်ဆိုသော ဝယ်ယူရန် သို့မဟုတ် ရယူရန်ဖြစ်သော ပဋိညာဉ်စာချုပ် ဖြစ်သည့်အခါ သို့မဟုတ် ဝယ်ယူသည့် ငွေပမာဏသည် အရေးမကြီးသည့်အခါ မှတစ်ပါး သီးခြား ရောင်းချသူတိုင်းသို့ (ငွေသားဖြင့်၊ အစုရှယ်ယာများဖြင့် သို့မဟုတ် ဒီဘင်ချာခေါ်ငွေချေး အစုလက်မှတ်များဖြင့်) ပေးရန်ရှိသည့် ငွေပမာဏ။ | |
| ကုန်အမှတ် တံဆိပ် ၊ နာမည်ကောင်း တန်ဖိုး အတွက် ပေးချေပြီး သို့မဟုတ် ပေးချေးရန် (ရှိလျှင်) ထိုသို့ ပေးချေပြီး သို့မဟုတ် ပေးချေ ရန် ငွေပမာဏကို သတ်မှတ်ဖော်ပြ၍ အဆိုပါ ပစ္စည်းအတွက် (ငွေသားဖြင့်၊ အစုရှယ်ယာ များဖြင့် သို့မဟုတ် ဒီဘင်ချာ ခေါ် ငွေချေး အစုလက်မှတ်များဖြင့်) ပေးချေပြီး သို့မဟုတ် ပေးချေရန် ရှိသည့် ငွေပမာဏ(ရှိလျှင်) ယင်း ငွေပမာဏ။ | ဝယ်ဈေးနှုန်း စုစုပေါင်း ကျပ်/ဒေါ်လာ . . . . . . .<br>ငွေသား ကျပ်/ဒေါ်လာ . . . . . . . . . .<br>အစုရှယ်ယာများကျပ်/ဒေါ်လာ. . . . . . . . . .<br>ဒီဘင်ချာခေါ် အစုလက်မှတ်များ<br>ကျပ်/ဒေါ်လာ. . . . . . . . .<br>ကုန်အမှတ်တံဆိပ် နာမည်ကောင်း တန်ဖိုး<br>ကျပ်/ဒေါ်လာ . . . . . . . . . |
| လွန်ခဲ့သော နှစ်နှစ်အတွင်း ပစ္စည်း တစ်စုံတစ်ရာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်တစ်ရပ်ရပ်နှင့် ကုမ္ပဏီသို့ ရောင်းချသူ တစ်ဦးဦး သို့မဟုတ် ထိုသို့ဆောင်ရွက်ချိန်တွင် ရှိသော သို့မဟုတ် ရှိခဲ့သော တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီအကျိုးဖြစ်ထွန်းစေသူ သို့မဟုတ် ဖြစ်ထွန်းစေခဲ့သူတစ်ဦးဦး၊ ကမကထပြုသူ၊ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာတို့၏ အချက်အလက်အကျဉ်းချုပ်များ | |
| ကုမ္ပဏီဆိုင်ရာ အစုရှယ်ယာများအတွက် ဖြစ်စေ၊ ဒီဘင်ချာခေါ်ငွေချေး အစုလက်မှတ်များအတွက်ဖြစ်စေ၊ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ထည့်ဝင်ရန် သဘောတူခြင်းအတွက် သို့မဟုတ် ထည့်ဝင်ငွေများကို ရရန် ပြုလုပ်ခြင်း သို့မဟုတ် ပြုလုပ်ရန် သဘောတူ ခြင်းအတွက် ကော်မရှင်ပွဲခ အဖြစ်ထုတ်ပေးပြီး သို့မဟုတ် ထုတ်ပေးရန် ရှိသည့် ငွေကြေး တစ်စုံတစ်ရာ (ရှိလျှင်) ယင်း ငွေပမာဏ သို့မဟုတ် ယင်းကော်မရှင် ပွဲခနှုန်း | ထုတ်ပေးပြီးငွေ။<br>ထုတ်ပေးရန် ရှိသည့်ငွေ။<br><br>ရာခိုင်နှုန်း။ |
| ပွဲစားခ ငွေပမာဏ သို့မဟုတ် ပွဲစားခနှုန်းထား | |

## နောက်ဆက်တွဲ ဇယား(၁)

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

## အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်

| | |
|---|---|
| ကော်မရှင်ခ ရရှိသဖြင့် ထိုသူတို့က လုံးလုံးလျားလျား ထည့်ဝင်ရန် သဘောတူပြီး ဖြစ်သော အစုရှယ်ယာများ ရှိလျှင် ယင်းအစု ရှယ်ယာများ ၏အရေအတွက်။ | |
| ပဏာမ ကုန်ကျရန် ရှိသည့် ခန့်မှန်းခြေ ငွေပမာဏ၊ | ကျပ် . . . . . . . . . . . . . . . . . . . . . . . . . . |
| ကုမ္ပဏီ ထူထောင်သူ တစ်ဦးဦးသို့ ပေးပြီး သို့မဟုတ် ပေးမည့် ငွေပမာဏ ထိုသို့ ပေးသည့်အတွက် အဖိုးစားနား။ | ကုမ္ပဏီထူထောင်သူအမည် . . . . . . . . . . .<br>ငွေပမာဏ. . . . . . . . . . . . . . . . . . . . . ကျပ်<br>အဖိုးစားနား . . . . . . . . . . . . . . . . . . . . . . |
| ကမကထပြုသူတစ်ဦးဦးရှိသော သို့မဟုတ် ရရှိမည့်အခြား အကျိုးခံစားခွင့်တစ်ရပ်ရပ် အကျိုး ခံစားခွင့် ပေးအပ်ခြင်းအတွက် တန်ဘိုးသတ်မှတ်ခြင်း | ကမကထပြုသူ၏အမည်......................<br>အကျိုးခံစားခွင့်အခြေအနေနှင့် တန်ဘိုး<br>ငွေပမာဏ. . . . . . . . . . . . . . . . . . . . . ကျပ်<br>တန်ဘိုးသတ်မှတ်ချက်: |
| (ကုမ္ပဏီက လုပ်ကိုင်ရန် ကြံရွယ်သည့် အလုပ် အကိုင်များကို လုပ်ကိုင်မြဲအတွင်း ချုပ်ဆိုသည့် ပဋိညာဉ်များမှတစ်ပါး ဤစာတမ်းဖော်ပြချက်ကို မပေး အပ်မီ နှစ်နှစ်ကျော်က ချုပ်ဆိုသည့် အခြား ပဋိညာဉ်များမှတပါး) အလွန်အဓိက ဖြစ်သည့် ပဋိညာဉ်များ ချုပ်ဆိုရာ ရက်နေ့များနှင့် ယင်း ပဋိညာဉ် များတွင် ပါဝင်ချုပ်ဆိုသူများ။ | |
| ယင်း ပဋိညာဉ်များ သို့မဟုတ် ယင်း ပဋိညာဉ် များ၏ မိတ္တူများကို ကြည့်ရှု နိုင်သည့် အချိန်နာရီနှင့် နေရာဌာန ။ | |
| ကုမ္ပဏီ၏စာရင်းစစ်အရာရှိများ(ရှိလျှင်) ယင်း တို့၏ အမည်များနှင့် လိပ်စာများ။ | |
| ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရာတွင်ဖြစ်စေ၊ ယင်းကုမ္ပဏီက ရယူမည့် အရန်အဖြစ် ထားရှိသည့် ပစ္စည်းတွင်ဖြစ်စေ၊ ဒါရိုက်တာအသီးသီးပိုင်ဆိုင်သည့် အကျိုးစီးပွားမျိုးများမည်၍မည်မျှ ဖြစ်သည့် အကြောင်းအရာများ သို့မဟုတ် ယင်းသို့သော ဒါရိုက်တာပိုင်အကျိုး စီးပွားများသည် အစုစပ်လုပ်ငန်း တစ်စုံတစ်ရာတွင် အစုစပ်ဝင်အဖြစ် သို့မဟုတ် ကော်ပိုရေးရှင်း တစ်စုံတစ်ရာတွင် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာလက်မှတ်များ ပိုင်ဆိုင်သူအဖြစ် ပါဝင်သည့် အကျိုးစီးပွားမျိုးဖြစ်သည့် အချက်တွင် ၎င်းကို ဒါရိုက်တာအဖြစ် ဆောင်ရွက်ရန်သော်လည်းကောင်းဒါရိုက်တာအရည်အချင်းနှင့် ပြည့်စုံအောင်ပြုလုပ်ရန်သော်လည်းကောင်းသွေးဆောင်ရန် ဖြစ်စေ၊ | |

**နောက်ဆက်တွဲ ဇယား(၁)**

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

**အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်**

| | |
|---|---|
| ကုမ္ပဏီကို ဖြစ်ထွန်းအောင် ထူထောင်ခြင်း သို့မဟုတ်၊ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ထိုသူက သော်လည်းကောင်း၊ ယင်း အစုစပ်လုပ်ငန်းကသော်လည်းကောင်း၊ ကော်ပိုရေး ရှင်း ကသော်လည်းကောင်း၊ ဆောင်ရွက်သည့် အတွက် ဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူက ငွေသားဖြင့်သော် လည်းကောင်း၊ အစုရှယ်ယာများဖြင့်သော် လည်းကောင်း၊ အခြားနည်းသော်လည်းကောင်း ထိုသူတို့ဖြစ်စေ၊ ယင်း အစုစပ်လုပ်ငန်းသို့ ဖြစ်စေ၊ ကော်ပိုရေးရှင်းဖြစ်စေ၊ ပေး ပြီး သို့မဟုတ်၊ပေးရန် သဘောတူပြီး ငွေကြေး စာရင်း အားလုံးနှင့် တကွ အဆိုပါ အစုစပ် လုပ်ငန်း အကျိုး စီးပွား အမျိုးအမည်နှင့် မည်၍ မည်မျှ ဖြစ်သည့် အကြောင်းအရာ။ | |
| လုပ်ငန်းတစ်ခုခုကို ရယူရန် ကြံရွယ်လျှင် ဤ ဖော်ပြချက် စာရင်းတင်သွင်းသည့် နေ့ရက်မတိုင်မီ ဘဏ္ဍာရေးနှစ် သုံးနှစ်အနက် နှစ်အသီးသီး အတွက် ယင်းလုပ်ငန်းမှ ဖြစ်ထွန်းသော အသားတင်အမြတ်အစွန်း ငွေပမာဏ၊ ယင်းငွေပမာဏများထိ လုပ်ငန်းဆိုင်ရာငွေများကို စစ်ဆေး သူတို့က သက်သေခံ လက်မှတ် ရေးထိုးသည့်အတိုင်း ဖြစ်စေရမည်။ သို့သော်လည်း လုပ်ငန်းလုပ်ကိုင်သည်မှာ သုံးနှစ်အောက် လျော့နည်းသည့် လုပ်ငန်း ဖြစ်သည့်အပြင် ယင်းလုပ်ငန်းဆိုင်ရာ ဖော်ပြချက် ငွေစာရင်း များကိုလည်း နှစ်နှစ် သို့မဟုတ် တစ်နှစ် အတွက်သာ ပြုလုပ် ရေးသားပြီး ဖြစ်သည့် ကိစ္စတွင် အထက်ပါ သတ်မှတ်ချက်မှာ သုံးနှစ် ဟူသော ရည်ညွှန်းချက်များ အစား နှစ်နှစ် သို့မဟုတ် တစ်နှစ်ဟူသော ဆိုင်သင့်ရာ ရည်ညွှန်းချက်များ ကိုထည့် သွင်းသကဲ့သို့ အကျိုးသက်ရောက်စေရမည်။ ထို့ပြင် ယင်း သို့သောကိစ္စတစ်ခုခုတွင် အဆိုပါဖော်ပြချက် စာရင်းတွင် ရယူမည့်လုပ်ငန်းကို မည်မျှ ကြာမြင့်စွာ လုပ်ကိုင်ပြီးဖြစ် ကြောင်း ဖော်ပြရမည်။ | |
| အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုက အများနှင့် သက်ဆိုင်သောကုမ္ပဏီတစ်ခု ဖြစ်လာသည့်အခါ ပေးပို့ တင်ပြရန် ရေးသားဖော်ပြချက်တစ်ခုသည် အောက်ဖော်ပြ ပါအချက်များကိုလည်း ထည့်သွင်းဖော်ပြရန် ဖြစ်သည် –<br>- ဤရေးသားဖော်ပြချက်ကို ထုတ်ဝေသည့်နေ့မှ လွန်ခဲ့ | |

**နောက်ဆက်တွဲ ဇယား(၁)**

(မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ပုဒ်မ ၂၁၁)

**အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်**

| | |
|---|---|
| သော တစ်ဆက်တည်းဖြစ်သည့် သုံးနှစ်ကာလ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ချိန်မှစ၍၊ ယင်းတို့အနက် ပိုမိုတိုတောင်းသောကာလ၏ နှစ်အလိုက် ကုမ္ပဏီ၏ အစုရှယ်ယာ အမျိုးအစား တစ်ရပ်ချင်း အတွက် ကုမ္ပဏီက ပေးချေခဲ့သည့် အမြတ်ဝေစုနှုန်းထားများ ရှိခဲ့လျှင် အမြတ်ဝေစုနှုန်းထားများ၊<br>- အဆိုပါနှစ်များအတွင်း အစုရှယ်ယာ အမျိုးအစား တစ်ရပ်ရပ်အပေါ် အမြတ်ဝေစုခွဲဝေပေးခြင်း မပြုခဲ့လျှင် ထိုကိစ္စရပ်များနှင့် သက်ဆိုင်သော အချက်အလက်များ။ | |

## အပိုင်း (၂)

## အစီရင်ခံစာတင်ပြခြင်း

၁။ စီးပွားရေးလုပ်ငန်းတစ်ခုက ရယူရန်အဆိုပြုသည့်အခါ ကုမ္ပဏီ၏စာရင်းစစ် (ရေးသား ဖော်ပြချက်တွင် အမည်ဖော်ပြထားရမည်) အဖြစ်ခန့်အပ်ထားသူက ပြုစုသော အစီရင်ခံစာတစ်စောင်တွင် အောက်ပါတို့နှင့်စပ်လျဉ်း၍ဖော်ပြရမည်–

(က) မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြသော ရေးသားဖော်ပြချက်တွင် တစ်ဆက်တည်းဖြစ်သော ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် နှစ်အလိုက် စီးပွားရေးလုပ်ငန်း၏ အကျိုးအမြတ်များ သို့မဟုတ် ဆုံးရှုံးမှုများအပြင်

(ခ) စီးပွားရေးလုပ်ငန်းစာရင်းများကို နောက်ဆုံးပြုစုသည့်နေ့ရက်ရှိ စီးပွားရေးလုပ်ငန်း၏ ရရန်ပိုင်ခွင့်နှင့်တာဝန်များ။

၂။ ကော်ပိုရေးရှင်းတစ်ခုသည် အစုရှယ်ယာများကိုရယူခြင်းဖြင့်သော်လည်းကောင်း၊ ထိုသို့ရယူခြင်း ဆောင်ရွက်ရာတွင် နောက်ဆက်တွဲပြုလုပ်မှုတစ်ခုခုကြောင့်သော်လည်းကောင်း၊ ထိုသို့ရယူခြင်းနှင့် ဆက်နွယ်ပေါ်ပေါက်လာသော လက်အောက်ခံကုမ္ပဏီ တခုခုမှသော်လည်းကောင်း အဆိုပါ ကော်ပိုရေးရှင်းက အစုရှယ်ယာများရယူရန် အဆိုပြုသည့်အခါ ကုမ္ပဏီ၏စာရင်းစစ် (ရေးသားဖော်ပြချက်တွင် အမည်ဖော်ပြထားရမည်) အဖြစ်ခန့်အပ်ထားသူက ပြုစုထားသည့် အစီရင်ခံစာတွင် အပိုဒ်ခွဲ(၃) သို့မဟုတ် (၄) နှင့်အညီ မိမိတို့နှင့်ဆက်သွယ်လုပ်ကိုင်ဆောင်ရွက်နေသည့် အခြားကော်ပိုရေးရှင်း၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများအပြင် ရရန်ပိုင်ခွင့်များနှင့်တာဝန်များနှင့် စပ်လျဉ်း၍ဖော်ပြပါရှိရမည်။ အစီရင်ခံစာတွင် အခြားကော်ပိုရေးရှင်း၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများ မည်မျှဖြစ်သည်ကိုလည်းကောင်း၊ ကုမ္ပဏီတွင်ပါဝင်သူများက ရယူမည့်အစုရှယ်ယာများအပေါ် သဘောထားကိုလည်းကောင်း၊ ကုမ္ပဏီသည်ရယူမည့် အစုရှယ်ယာများ လက်ဝယ်ပိုင်ဆိုင်ပြီးသည့်အချိန် ဖြစ်ပါက အခြား အစုရှယ်ယာများကို ပိုင်ဆိုင်သူများအတွက် ရရန်ပိုင်ခွင့်များနှင့်တာဝန်များနှင့် ဆက်စပ်၍ ရယူမည့် အစုရှယ်ယာများနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်နိုင်ဘွယ်ရှိသော ကုန်ကျစရိတ်ကိုလည်းကောင်း ဖော်ပြရမည်။

၃။ အခြား ကော်ပိုရေးရှင်းတွင် လက်အောက်ခံကုမ္ပဏီမရှိပါက အပိုဒ်ခွဲ (၂) တွင် ရည်ညွှန်းထားသော အစီရင်ခံစာတွင်အောက်ပါတို့ကိုဖော်ပြရမည်-

(က) မှတ်ပုံတင်အရာရှိထံ ပေးပို့သည့် ရေးသားဖော်ပြချက်တွင် အခြား ကော်ပိုရေးရှင်း၏ တစ်ဆက်တည်းဖြစ်သော ဘဏ္ဍာရေး နှစ်သုံးနှစ်တွင် နှစ်အလိုက် ဆောင်ရွက်ရရှိသည့် အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများနှင့် စပ်လျဉ်းသမျှ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများ အပြင်

(ခ) အခြားကော်ပိုရေးရှင်း၏ ကော်ပိုရေးရှင်းစာရင်းများကို နောက်ဆုံးပြုစုသည့်နေ့ရက်ရှိ ကော်ပိုရေးရှင်း၏ ရရန်ပိုင်ခွင့်များနှင့် တာဝန်များနှင့်စပ်လျဉ်းသမျှ ရရန်ပိုင်ခွင့်များနှင့် တာဝန်များ။

၄။ အခြားကော်ပိုရေးရှင်းတွင် လက်အောက်ခံကုမ္ပဏီများရှိပါက အပိုဒ်ခွဲ (၂) တွင် ရည်ညွှန်းထားသော အစီရင်ခံစာတွင်–

(က) အပိုဒ်ခွဲ(၃)တွင် ဖော်ပြထားသည့်အတိုင်း သီးခြားဖော်ပြထားသော အခြား ကော်ပိုရေးရှင်း၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများနှင့် စပ်လျဉ်းသမျှ အကျိုးအမြတ်များနှင့် ဆုံးရှုံး

မှုများအပြင်အထက်တွင်ဖော်ပြထားသည့်အတိုင်းအောက်ပါတို့ပါဝင်ရမည်–

(၁) ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ပေါင်းစည်းထားသော အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများအားလုံး သို့မဟုတ်

(၂) လက်အောက်ခံကုမ္ပဏီတစ်ခုချင်းစီ၏အကျိုးအမြတ်များနှင့်ဆုံးရှုံးမှုများ။

သို့မဟုတ် အခြားကော်ပိုရေးရှင်း၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများကို သီးခြားဖော်ပြမည့်အစား အထက်တွင် ဖော်ပြထားသည့်အတိုင်း အခြားကော်ပိုရေးရှင်းအတွက် ဖော်ပြသည့် အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများအားလုံးနှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ပေါင်းစည်းထားသောအကျိုးအမြတ်များနှင့်ဆုံးရှုံးမှုများနှင့်

(ခ) အပိုဒ်ခွဲ(၃)တွင် ဖော်ပြထားသည့်အတိုင်း သီးခြားဆက်သွယ် ဆောင်ရွက်သော အခြားကော်ပိုရေးရှင်း၏ ရရန်ပိုင်ခွင့်များနှင့် တာဝန်များနှင့် စပ်လျဉ်းသမျှသော ရရန်ပိုင်ခွင့်များနှင့် တာဝန်များအပြင်အထက်တွင်ဖော်ပြထားသည့်အတိုင်းအောက်ပါတို့ပါဝင်ရမည်–

(၁) အခြားကော်ပိုရေးရှင်း၏ရရန် ပိုင်ခွင့်များနှင့်တာဝန်များ ပါဝင်လျက် သို့မဟုတ် မပါဝင်ဘဲ ၎င်း၏လက်အောက်ခံကုမ္ပဏီများ၏ ပေါင်းစည်းထားသော ရရန်ပိုင်ခွင့်များနှင့် တာဝန်များအားလုံးသို့မဟုတ်

(၂) လက်အောက်ခံ ကုမ္ပဏီတစ်ခုချင်းစီ၏ ရရန်ပိုင်ခွင့်များနှင့် တာဝန်များအပြင် လက်အောက်ခံ ကုမ္ပဏီများ၏ အကျိုးအမြတ်များနှင့် ဆုံးရှုံးမှုများ၊ ရရန်ပိုင်ခွင့်များနှင့်တာဝန်များ၊ ကုမ္ပဏီတွင်ပါဝင်သူများမှအပ ပုဂ္ဂိုလ်များအတွက် ကုန်ကျစရိတ်ကိုဖော်ပြရမည်။

မှတ်ချက်။ ကုမ္ပဏီသည် ဤအပိုင်းတွင်ရည်ညွှန်းထားသော အစီရင်ခံစာတစ်စိတ်တစ်ပိုင်းကို ဖြည့်ဆည်းရန် မလိုအပ်သည့်အခါ ကျိုးကြောင်းဖော်ပြသည့် ရေးသားဖော်ပြချက်တစ်စောင် တင်ပြရမည်။

(ဒါရိုက်တာများအနေဖြင့် အထက်တွင်အမည်ဖော်ပြထားသူများ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာများ သို့မဟုတ်စာဖြင့် ရေးသား၍ အခွင့်အာဏာ အပ်နှင်းထားသော ၎င်းတို့၏ ကိုယ်စားလှယ်များ၏လက်မှတ်များ)

ရက်စွဲ၊......................................

## အပိုင်း (၃)

## ဤနောက်ဆက်တွဲဇယားအပိုင်း (၁) နှင့် (၂) နှင့်သက်ဆိုင်သောပြဋ္ဌာန်းချက်များ

၁။ ဤနောက်ဆက်တွဲဇယားတွင် **"ရောင်းချသူ"** ဆိုရာတွင်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) အရ ရောင်းချသူတစ်ဦး ဖြစ်သောမည်သည့်ပုဂ္ဂိုလ်မဆိုပါဝင်သည်။

၂။ သုံးနှစ်ထက် လျော့နည်းဆောင်ရွက်သော စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် သုံးနှစ်ကာလထက် လျော့နည်း၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်သော ကော်ပိုရေးရှင်းတစ်ခုဖြစ်သည့် ကိစ္စတွင် နှစ်နှစ် သို့မဟုတ် တစ်နှစ်အတွက် ဖော်ပြထားသော စီးပွားရေးလုပ်ငန်း သို့မဟုတ် ကော်ပိုရေးရှင်း၏စာရင်းများသည် ဤနောက်ဆက်တွဲဇယား၏အပိုင်း (၂) တွင် နှစ်နှစ် သို့မဟုတ် တစ်နှစ် အတွက် ဖော်ပြထားသော ရည်ညွှန်းချက်များကို သုံးနှစ်ကာလအတွက် ဖော်ပြထားသော ရည်ညွှန်းချက်များအတွက် အစားထိုးဆောင်ရွက်သကဲ့သို့အကျိုးသက်ရောက်စေရမည်။

၃။ ဤနောက်ဆက်တွဲဇယား၏ အပိုင်း(၂)အရလိုအပ်သော အစီရင်ခံစာတစ်ခုခုတွင် အစီရင်ခံစာအရ ဖော်ပြထားသော အကျိုးအမြတ်များ သို့မဟုတ် ဆုံးရှုံးမှုများ သို့မဟုတ် ရရန်ပိုင်ခွင့်များနှင့် တာဝန်များဆိုင်ရာ ကိန်းဂဏန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ခြင်းတစ်စုံတစ်ရာကို မှတ်တမ်းအဖြစ် ဖော်ပြရမည်။ သို့မဟုတ် ထိုသို့ညှိနှိုင်းဆောင်ရွက်ခြင်းကို ပြုလုပ်ရမည့်အပြင် ထိုသို့ညှိနှိုင်းဆောင်ရွက်ခြင်းကိုပြုလုပ်ကြောင်းဖော်ပြရမည်။